**ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး**

**ကျောက်ကြီးမြို့နယ်**

နေ့ရက်–မတ်လ ၊ ၁၂ ၊ ၂၀၂၀

**ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံးကျောက်ကြီးမြို့နယ်မှ အစိုးရနှင့် ကေအဲန်ယူ –ကရင်အမျိုးသားအစည်းအရုံးကြားချုပ်ဆိုခဲ့သော ပဏာမသဘောတူညီချက်များကိုမိမိ တို့ဒေသအတွင်း ပြည်သူလူထုများအား ချပြခြင်းအပေါ် အစိုးရတပ်မတော် ခလရ(၁၂၄)တပ်ရင်းမှ လာ ရောက် တားမြစ်ခြင်းအား သဘောထားထုတ်ပြန်ချက်**

ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး ကျောက်ကြီးမြို့နယ်သည် ကေအဲန်ယူ– ကရင်အမျိုးသားအစည်းအရုံး ဧည့်ဘဲပေါင်ခရိုင် နှင့် ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး ဗဟို မှဖေါ်ဆောင်နေသော ပစ်ခတ်တိုက်ခိုက်မှုရပ်ဆိုင်းရန်ခိုင်မာစေရေး နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား တစ်စိုက်မတ်မတ် အကောင်အထည်ဖေါ်ဆောင်နေသော အဖွဲ့အစည်းဖြစ်ပါသည်။

ကေအဲန်ယူ–ကရင်အမျိုးသားအစည်းရုံး ကျောက်ကြီးမြို့နယ်သည် လက်ရှိဖြစ်ပေါ်နေ သော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအား ရှင်းလင်းချပြရန် တာဝန်ရှိသည့်အားလျော်စွာ မိမိတို့ ဒေသဖြစ်သည့် လက်ကောက်ဝကျေးရွာရှိ လူထုအားချပြရန် စီစဉ်ဆောင်ရွက်မှုအပေါ် အစိုးရတပ်မတော် ခလရ(၁၂၄) ဒုတပ်ရင်းမှူး အဆင့်ရှိသည့် စစ်ကြောင်းမှူးနှင့်ဒုရဲမှူးအဆင့်ရှိသည့် ဘောကထာရဲစခန်းတို့မှ အထက်အမိန့်ကြောင့်ဟု ပြောဆိုပြီး လာရောက်တားမြစ်ခဲ့ပါသည်။

ထိုကဲ့သို့ လာရောက်တားမြစ်ရာတွင် စစ်လက်နက်အပြည့်အစုံနှင့် လာရောက်တား မြစ်ခြင်းသည် တစ်ဖက်နှင့်တစ်ဖက်အကြား ယုံကြည်မှု တည်ဆောက်ရာတွင် ထိခိုက်သည့်အပြင် ပြည်သူလူထုအကြား ကြောက်ရွံ့မှုကို တိုးပွားလာစေပြီး ချိန်းခြောက်သည်ဟုလည်း ယူဆပါသည်။

ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး ကျောက်ကြီးမြို့နယ်သည် ကရင့်တော်လှန်ရေး စတင်သည့်ကာလမှစ၍ စစ်တောင်းမြစ်အရှေ့ဖက်ကမ်း တစ်လျှောက် အခြေချနေထိုင်းခဲ့ပြီး နိုင်ငံရေး၊ စစ်ရေး ၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး လုပ်ငန်းများကို တစ်စိုက်မတ်မတ်လုပ်ဆောင် ခဲ့ပါသည်။သို့ဖြစ်ပါ၍ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး ကျောက်ကြီးမြို့နယ်သည် ကေအဲန်ယူ–ကရင်အမျိုးသားအစည်းရုံး ဗဟိုမှ ချမှတ်ထားသော ကြားကာလဆိုင်ရာ အခြေခံမူ အတိုင်း ရပ်တည်သွားမည်ဖြစ်ပြီး မလိုလားအပ်သော ပဋိပက္ခ များကို NCA တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်ဆိုင်းရေးဆိုင်ရာသဘောတူစာချုပ်ဖြင့် ဖြေရှင်း သွားမည်ဖြစ်ကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

အလုပ်အမှုဆောင်ကော်မတီ

ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး

ကျောက်ကြီး မြို့နယ်